ရာနှင့်ချီသော ဂျေစူးဆရာများသည် ထိုနည်းလမ်းကို ပြင်ဆင်ခဲ့ကြသည်။ သူတို့သည် ၎င်းပထမဝါဒကို သင်ကြားရန်သွားခဲ့ရုံသာမကဘဲ၊ သူတို့သည် အနောက်ဘက်ဥရောပနိုင်ငံများ၏ဂန္ထဝင်ပညာရပ် သင်ကြားရန် သွားရောက်ခဲ့ကြသည်။ အကောင်းဆုံးလေ့ကျင့် သင် ကြားပေးခဲ့သည့် ပါမောက္ခများသည် ဂျေစူးများ (Jesuits) ဖြစ်သည်၊ ငြင်းဆိုခြင်းမရှိပါ။ သူတို့သည် ဟိုးမား (Homer) နှင့် ပလေတို (Plato) ၊ အရစ္စတိုတယ် (Aristotle) နှင့် ဆိုကရေးတီး (Socrates)တို့၏အရေးအသားများကို ကျွမ်းကျင်အောင် ကြိုးစားခဲ့ကြသည်။ သူတို့သည် ဥပဒေ၊ ယုတ္တိဗေဒနှင့် အချေအတင်ဆွေးနွေးပညာတို့ကို သင်ကြားလေ့လာခဲ့သည်။ သူတို့သည် လူတစ်ဦးတစ်ယောက်ကို ငွေရှာဖို့ရန်နှင့် ကျော်ကြားဖို့ရန် သူလိုအပ်သည့်အရာကို သင်ပေးနိုင်သည်။ သူတို့သည် အကောင်းဆုံးဆရာများ ဖြစ်ခဲ့သည်။

ခရစ်ယာန်များသည် "အောင်မြင်မှု" ကို အခြားသူများည်းတူ သို့မဟုတ် အခြားသူများ၏နည်းလမ်းအတိုင်း ရှုမြင်သင့်ပါသလား။ ဖိလိပ္ပိသြဝါဒစာ ၃း၇၊ ၈။

ဝမ်းနည်းစရာကောင်းသည်မှာ ပရိုတက်စတင့်အများစုသည် "အလုပ်ကောင်းများ" နှင့် "ငွေများစွာ" ၏သွေးဆောင်မှုကြောင့် သူတို့၏ကလေးများကို ဂျေစူးတို့၏စာသင်ကျောင်းများသို့ ပို့ခဲ့ကြလေသည်။ ထိုအကျိုးရလဒ်အနေဖြင့်၊ ပရိုတက်စတင့်များသည် ကက်သလစ်များကဲ့သို့ ပို၍ပို၍ များစွာစတင်တွေးခေါ်စဥ်းစားလာခဲ့ကြသည်။

အနာဂတ်၏နောက်ဆုံးအချိန်၌ ပြည့်စုံခြင်းဝါဒကို ယုံကြည်မှုပြန့်ပွားစေသော အရေးအကြီးဆုံးပုဂ္ဂိုလ်မှာ ဂျွန်ဒါဘီ (John Darby ဖြစ်သည်။ သူသည် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်၍၊ ပလိုင်းမော့ထ်ညီအစ်ကိုများ ဟုခေါ်သော အသင်းတော်ငယ်၏ တည်ထောင်သူများထဲမှ တစ်ယောက်ဖြစ်သည်။ ၁၈၃၂ ခုနှစ်တွင်၊ ဒါဘီသည် သမ္မာကျမ်းစာ "အမှန်တရား" အသစ်ကို "ရှာဖွေတွေ့ရှိ" ကြောင်း ကြေငြာခဲ့သည်။ သူသည် ၎င်းကို သူသည် "လျှို့ဝှက်ချီဆောင်ခြင်း" ဟု ခေါ်ပြီး၊ ၎င်းသည် ရှုပ်ထွေးသော ရီဘာရာရဲ့အနာဂတ် နောက်ဆုံးအချိန်၌ ပြည့်စုံခြင်းဝါဒအသစ်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** အသစ်သော အတွေးအခေါ်များကို လက်ခံခြင်းအကြောင်းနှင့်ပတ်သတ်၍ သမ္မာကျမ်းစာက အဘယ်သို့မိန့်မြွတ်ထားခဲ့သနည်း။ သုတ္တံကျမ်း ၁၄း၁၅၊ ရှင်ပေတရုသြဝါဒစာ ဒုတိယစောင် ၁း၁၉-၂း၂၊ တမန်တော်ဝတ္ထု ၁၇း၁၁၊ သက်သာလောနိတ် သြဝါဒစာ ပဌမစောင် ၅း၂၁။

## သောကြာနေ့ ၊ ဂျွန်ဒါဘီ၏သီအိုရီ ၆

ဂျွန်ဒါဘီ၏သီအိုရီမှာ အမှန်ပင်ရှည်သောနာမည်ဖြစ်သည်၊ ၎င်းမှာ "အထူးခွင့်ပြုချက်ဝါဒ" (dispensationalism) ဟု ခေါ်ခဲ့သည်။ ဒါဘီ၏ပြောဆိုချက်အရ၊ ကယ်တင်ခြင်းစီမံကိန်း၌ မတူညီကွဲပြားသော "အထူးခွင့်ပြုချက်" ခုနှစ်ချက်ရှိသည် သို့မဟုတ် အချိန်ကာလအပိုင်းအခြားများရှိသည်။ အပြစ်သားများကို ကယ်တင်နေသည့်ဘုရားသခင်၏နည်းလမ်းသည် ပြောင်းလဲခဲ့ပြီး၊ အချိန်တိုင်းတွင် အသစ်သောအထူးခွင့်ပြုချက်တစ်ခုရှိသည် ဟု သူပြောဆိုခဲ့သည်။

ဘုရားသခင်သည် ပြောင်းလဲပါသလား။ ကယ်တင်ခြင်းစီမံကိန်းသည် ပြောင်းလဲပါသလား။ ဟေဗြဲသြဝါဒစာ ၁၃း၈၊ မာလခိ အနာဂတ္တိကျမ်း ၃း၆။

မကြာမီ၊ ဒါဘီသည် သူ၏အတွေးအခေါ်အယူအဆများကို အမေရိကသို့ ပြန့်နှံ့စေခဲ့သည်။ ထိုနေရာတွင်ရှိသော ဒွိုင်းအယ်မုံဒီ (Dwight L. Moody) အပါအဝင် များစွာသောဝံဂေလိသာသနာပြုများတို့က လက်ခံခဲ့ကြသည်။ ကျမ်းစာအသစ်ဖြစ်သည့် Scofield Reference Bible ကို ၁၉၀၉ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေပြီးနောက်တွင် ဤအတွေးအခေါ်များသည် ပို၍ပင် ထင်ရှားကျော်ကြားလာခဲ့သည်။

ဤကျမ်းစာအုပ်အသစ်ကို စိုင်းရပ်စ်စကော့ဖီး (Cyrus Scofield) က ပြင်ဆင်ပြုစုခဲ့သည်။ ၎င်းသည် တစ်အုပ်လုံးတွင် အထူး "မှတ်စုများ" မှ လွဲ၍ ကျန်သောအပိုင်းမှာ ပုံမှန် "ကင်းဂျိမ်း" ("King James" Bible) ကျမ်းစာဖြစ်သည်။ ယင်းတို့၏အဓိကအချက်မှာ အနာဂတ္တိကျမ်းများနှင့် အသစ်သောအထူးခွင့်ပြုချက်ဝါဒီ၏ အတွေးအခေါ်များကို ကိုက်ညီစေရန် လုပ်ဆောင်ကြိုးပမ်းခြင်းဖြစ်သည်။

ဤသမ္မာကျမ်းစာသည် အထူးသဖြင့် အမေရိကန်တောင်ပိုင်းတွင် ထင်ရှားကျော်ကြားလာခဲ့ပြီး၊ ဒေသအခေါ်အရ တစ်ခါတစ်ရံ "သမ္မာကျမ်းစာခါးပတ်" ဟု ခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် မတူညီသော အသင်းတော်များမှ များစွာသောလူများတို့သည် သမ္မာကျမ်းစာတစ်မျိုးတည်းကို အားလုံးအသုံးပြုကြ၍၊ တစ်မျိုးတည်းသောမှတ်စုများကို ဖတ်ခဲ့ကြသောကြောင့် ဤအသင်းတော်များစွာတို့သည် ပရောဖက်ပြုချက်နှင့်ပတ်သက်၍ အနည်းဆုံး အလားတူယုံကြည်လာကြသည့်အထိ ၎င်းသည် မကြာရှည်ခဲ့တော့ပေ။

လူများစွာသည် ဒါဘီသီအိုရီများ၏ရှုပ်ထွေးသောအပိုင်းများကို များစွာဂရုမစိုက်၊ စိတ်မဝင်စားကြပါ။ သို့သော် အားလုံးနီးပါးသည် "လျှို့ဝှက်ချီဆောင်ခြင်း" အကြောင်းကို ကြားခဲ့ရကြသည်။ ဤသီအိုရီအရ၊ တကယ့်ကို ကောင်းသောခရစ်ယာန်များအားလုံးသည် တစ်နေ့ ရုတ်တရက်ပျောက်ကွယ်သွားလိမ့်မည်။ ခဏမျှသတိပေးချက်မရှိဘဲ သူတို့သည် ကောင်းကင်သို့ တိတ်တဆိတ် ခေါ်ဆောင်ခံရလိမ့်မည်။ ထို့နောက် လူတိုင်းသည် သခင်ယေရှုနောက်လိုက်မည် မလိုက်မည်ကို ဆုံးဖြတ်ရန် ၇ နှစ်အချိန်ရလိမ့်မည်။ ထို ၇ နှစ်နှစ်အဆုံးတွင် သခင်ယေရှုသည် တဖန်ပြန်ကြွလာ၍၊ စာတန်မာရ်နတ်နှင့် ယခုအထိနောင်တရ ပြောင်းလဲခြင်းမရှိသော လူများအားလုံးကို သတ်ပစ်ပြီး၊ သူ၏နိုင်ငံတော်ကို တည်ထောင်လိမ့်မည် ဟု ဒါဘီသီအိုရီက ပြောဆိုထားသည်။

ယနေ့၊ လျှို့ဝှက်ချီဆောင်ခြင်းသီအိုရီကို သင်ကြားပေးသော ပရိုတက်စတင့်ဓမ္မအမှုထောင်ပေါင်းများစွာ ရှိသည်။ ပရိုတက်စတင့် ဓမ္မကျမ်းစာသင်တန်းကျောင်းများ (သာသနာပြုများကို သင်တန်းပေးဖို့အတွက် ကောလိပ်များ) အားလုံးသည် ဤသီအိုရီကို အခြေခံခဲ့ကြသည်။ ထောင်ပေါင်းများစွာသော မဂ္ဂဇင်းဆောင်းပါးများ၊ စာအုပ်များ၊ ဝတ္ထုများနှင့် ရုပ်ရှင်များတွင်ပင် ပြုပြင်ပြောင်းလဲရေးကို ပထမဆုံးတိုက်ဖျက်ရန် ရည်ရွယ်သောအတွေးအခေါ်အကြံအစည်များကို ထပ်ခါတလဲလဲဖော်ပြခဲ့သည်။

သခင်ယေရှုအမှန်တကယ် အဘယ်သို့ကြွလာတော်မူခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၌လည်း များစွာပြောထားသည်။ လာမည့်အပတ်အနည်းငယ်အကြာတွင် ထိုအကြောင်းကို ပို၍လေ့လာမည်ဖြစ်သည်။ သို့သော် ယခုအတွက် သက်သာလောနိတ်သြဝါဒစာ ပဌမစောင် ၄း၁၆၊ ၁၇ ကို ဖတ်ပါ။

**လက်တွေ့ကျင့်သုံးရန်။** ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့် ပတ်သက်၍ မှားယွင်းသော အတွေးအခေါ်အယူအဆများကို ဖြန့်ဝေရန် စာတန်သည် နှစ်ပေါင်းသုံးရာထက်မက လုပ်ဆောင်နေသည်ဟု သင်အဘယ်သို့ထင်သနည်း။ ရှင်မာကုခရစ်ဝင် ၁၃း၂၁-၂၃။



# သမ္မာတရားကို ဆန့်ကျင်သောစစ်



အလွတ်ကျမ်းချက်။ ။ တိမောသေသြဝါဒစာ ဒုတိယစောင် ၄း၃၊ ၄

"အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွှဲသွားကြလိမ့်မည်။"





## တနင်္ဂနွေနေ့ ၊ နောက်ထပ်ဓမ္မအနာဂတ္တိ ၁

ဗျာဒိတ်ကျမ်း ၁၁ သည် ပြင်သစ်တော်လှန်ရေးအကြောင်း ပရောဖက်ပြုချက်နှင့်အတူ၊ "သေစေလောက်သောအနာ" အကြောင်းကို ဗျာဒိတ်ကျမ်း ၁၃ ၏ ကြိုတင်ဟောထားချက်၏ အံ့သြဖွယ်ပြည့်စုံခြင်းတို့သည် သမ္မာကျမ်းစာကို အပြည့်အဝကိုးစားယုံကြည်နိုင်စေသည့် တန်ခိုးပါသော သက်သေခံချက်များက အမှန်ပင်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် သမ္မာကျမ်းစာကို အမှန်တကယ် ယုံကြည်ကိုးစားနိုင်စေသည်။ သို့သော် ထိုကဲ့သို့ အခြားသော ပရောဖက်ပြုချက်များလည်းရှိသည်၊ ထိုအရာများသည် ဘာသာရေး ပြုပြင်ပြောင်းလဲရေးအချိန်ကာလအတွင်း ဘုရားသခင်၏လူများအဖို့ အလွန်အရေးကြီးပါသည်။

လွန်ခဲ့သောအပတ်သင်ခန်းစာ၌ ဒံယေလအနာဂတ္တိကျမ်း ၇ နှင့် ၈ ၏ ရုပ်ပါရုံများ၌ဖော်ပြသော ချိုငယ်၏အာဏာတန်ခိုးအကြောင်းဖြစ်သည့် ပထမတစ်ခုကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဒံယေလအနာဂတ္တိကျမ်း ၇း၇၊ ၈၊ ၁၉-၂၂။

ဤပရောဖက်ပြုချက်များသည် ထူးခြားလှပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်ကက်သလစ်အသင်းတော်မှ ထွက်သွားရန် ရှေးဦးဘာသာရေး ပြုပြင်ပြောင်းလဲရေးသမားအား ယုံကြည်မှုကို ပေးခဲ့သောကြောင့်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသာလျှင် ချိုငယ် အကြောင်းနှင့်ပတ်သတ်၍ အသေးစိတ်အားလုံးနှင့် အံဝင်ခွင်ကျဖြစ်သူဖြစ်ကြောင်း ဤရုံပါရုံများကို နားလည်ရန် အခြားနည်းလမ်း မရှိခဲ့ချေ။



ထိုသို့တူညီသော ပရောဖက်ပြုချက်ကို ဗျာဒိတ်ကျမ်း ၁၇ တွင်လည်း တွေ့ရသည်။ ၎င်း၏ပထမအပိုင်းကို ဗျာဒိတ်ကျမ်း ၁၇း၁၊ ၂ တွင် ဖတ်ပါ။ ဤကျမ်းချက်အခန်းငယ်များအား အဓိကအချက် တစ်ချက်စီ လေ့လာသွားကြပါစို့။ အခန်းငယ် ၁ တွင်၊ ကောင်းကန်တမန်သည် "ပြည်တန်ဆာ" (မတရားမေထုန် သို့မဟုတ် မသန့်ရှင်းသော မိန်းမ) ကို ဖော်ပြသည်။ ပရောဖက်ပြုချက်တွင်၊ မိန်းမသည် အသင်းတော်ကို ပုံဆောင်သည်။ သို့သော် ဤမိန်းမသည် မတရားမေထုန်နှင့်ယစ်မူးသောမိန်းမဟု ဖော်ပြကတည်းက သူမသည်မှားယွင်းသောအသင်းတော်ဖြစ်သည်။

ထိုမိန်းမသည် "ရေအပေါ်မှာ" ထိုင်နေသည်။ အငယ် ၁၅ တွင်၊ "အသီးသီးဘာသာစကားကိုပြောသော လူအမျိုးမျိုးအစုစု" ဟု ဤအရေးကြီးသောပုံဆောင်ခြင်းကို ရှင်းလင်းစွာ ဖော်ပြပေးထားသည်။ အခြားစကားလုံးဖြစ်သည့် "မိန်းမ" သို့မဟုတ် အသင်းတော်သည် အချို့ငယ်သောမြို့၌ရှိသော အသင်းတော်အငယ်မဟုတ်ချေ။ ဤသည် များစွာသောတိုင်းပြည်၊ လူမျိုးများ၌တွေ့ရသော အသင်းတော်ကြီး ဖြစ်သည်။

အငယ် ၂ မှာ မိန်းမသည် "လောကီရှင်ဘုရင်တို့" နှင့် "မတရားသောမေထုန်ကို ပြုနှင့်ခဲ့ကြပြီ" ဟု ကျွန်ုပ်တို့အား ပြောပြထားသည်။ ဤအရာသည် မိန်းမ၏မသန့်ရှင်းခြင်း၊ သူမသည် ခရစ်တော်၏ သတို့သမီးဖြစ်သည့်အလျှောက်ညီစွာ မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်ဖို့ရန် မထိန်းသိမ်းခဲ့ပေ၊ သို့သော် သူမသည် သူတို့အားထိန်းချုပ်ရန် အစိုးရများနှင့်အတူပူးပေါင်းခဲ့သည်ဟု ရှင်းပြထားပါသည်။ တဖန်၊ ဤအရာသည် အဖွဲ့အစည်းငယ် မဟုတ်ပေ။ ဤသည် ကြီးသောအရာဖြစ်ပြီး၊ တိုင်းပြည်အုပ်ချုပ်သူများကို ထိန်းချုပ်ရန်နှင့် သူတို့၏အာရုံကို ဆွဲဆောင်ရန် လုံလောက်သော တန်ခိုးအာဏာရှိသော အဖွဲ့အစည်းဖြစ်သည်။

ဤမိန်းမသည် သူမ၏ "အပေါင်းအဖော်များ" အားလည်း အချို့သောစပျစ်ရည်ကို ပေးသောက်စေခဲ့သည်။ ဤစပျစ်ရည်သည် ခရစ်တော်ယေရှု၏ နောက်ဆုံးညစာစားပွဲ၌ ခရစ်တော်အသုံးပြုခဲ့သော သန့်ရှင်းသောစပျစ်ဖျော်ရည် မဟုတ်ပေ။ သို့သော် ထိုစပျစ်ဖျော်ရည် အမျိုးအစားသည် လူများအား သောက်ပြီးယစ်မူးစေသည့်၊ မိုက်မဲစွာ ပြုမူလုပ်ဆောင်စေသည့် စပျစ်ရည်အရက်မျိုးဖြစ်သည်။ ဤစပျစ်ရည်သည် မှားယွင်းသော သြဝါဒသွန်သင်ချက် သို့မဟုတ် မှားယွင်းသောယုံကြည်ချက်များဖြစ်ပြီး၊ ၎င်းသည် တိုင်းပြည်များအား မိုက်မဲခြင်းသို့ သို့မဟုတ် ဆိုးဝါးသော ဥပဒေများ လုပ်ဆောင်ဖို့ရန် လမ်းညွှန်စေသည်။

**လက်တွေ့ကျင့်သုံးရန်။** သမ္မာကျမ်းစာသည် အစိုးရကို လေးစားဖို့ရန် လူများအား ရှင်းလင်းစွာ သင်ကြားပေးသည်။ ရှင်လုကာခရစ်ဝင် ၂၀း၂၅။ သို့သော် အသင်းတော်နှင့်အစိုးရသည် စည်းရုံးသင့်သလား သို့မဟုတ် သူတို့သည် သီးခြားစီ နေသင့်သလား။ ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၆း၁၄-၁၈။

## တနင်္လာနေ့ ၊ သားရဲပေါ်မှာရှိသော မိန်းမ ၂

ဗျာဒိတ်ကျမ်း ၁၇း၁၊ ၂ ကို ပြန်ဖတ်ပြီး၊ အငယ် ၃ မှ ၆ အထိ ဆက်ဖတ်ပါ။

အငယ် ၃ တွင်၊ ယောဟန်သည် “ခေါင်းခုနှစ်လုံးနှင့် ချိုဆယ်ချောင်း” ရှိသော “သားရဲနီ” ပေါ်မှာ ထိုင်လျက်ရှိသောမိန်းမတစ်ဦးကို မြင်သည်။ ထိုနံပါတ်များကို အကျွမ်းတဝင် ရှိပါသလား။ အကျွမ်းတဝင်ရင်းနှီးမှုရှိသောနံပါတ်များဖြစ်သည်မှာ သေချာပါသည်။ ဤသားရဲကို အခန်းကြီး ၁၃ တွင် ကျွန်ုပ်တို့ တွေ့မြင်ပြီးသားဖြစ်သည်။ ထိုသားရဲသည် သေစေသောအနာကို ရရှိသောသားရဲဖြစ်သည်။ သို့သော် ယခုတွင်၊ ၎င်းသားရဲသည် ကျွန်ုပ်တို့ပြောနေကြသည့် ရောမကက်သလစ်အသင်းတော်အကြောင်းဖြစ်သည်မှာ သိသာထင်ရှားလာပြီးဖြစ်သည်။

ထို့နောက် ကျွန်ုပ်တို့တွေ့ရှိရသည့် မိန်းမသည် တော်ဝင်အဝတ်အစားဖြစ်သည့် အဝတ်နီအဝတ်မောင်းကိုဝတ်လျက် လောကီချမ်းသာခြင်းကိုပုံဆောင်သည့် လှပသောလက်ဝတ်ရတနာများနှင့် ဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ ထိုသို့အဝတ်နီ၊ အဝတ်မောင်းမျိုးသည် ပုပ်ရဟန်းမင်းများ၊ ဘုန်းတော်ကြီးများနှင့် ဂိုဏ်းချုပ်ဘုန်းကြီးများ ဝတ်ဆင်သည့် အရောင်များသာဖြစ်သည်။

အငယ် ၅ သည် ဤမိန်းမကို “ဗာဗုလုန်” ဟုခေါ်၍ “ပြည်တန်ဆာတို့၏အမိ” ဟုခေါ်သည်။ ဗျာဒိတ်ကျမ်းကို ရေးသားချိန်က ပကတိဗာဗုလုန်သည် စွန့်ပစ်ထားသည့်အပုံပုံဖြစ်နေပြီး၊ သို့သော် ထိုအချိန်က ကမ္ဘာပေါ်ရှိ အယူမှားမြို့ဖြစ်သောရောမအတွက် ထိုအမည်သည်သင်္ကေတစကားလုံးတစ်ခု (ကုတ်စကားလုံးတစ်လုံး) ဖြစ်လာလေသည်။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၅း၁၃။

အငယ် ၆ တွင်၊ ယောဟန်သည် ဤမိန်းမက “သန့်ရှင်းသူများ ၏အသွေးကို သောက်နေသည်” ကို မြင်သည်။ ထို့ကြောင့် ဤ အသင်းတော်သည် ဘုရားသခင်၏သစ္စာရှိသောလူများကို သတ်ခြင်း၊ နှိပ်စက်ညှဥ်းပန်းခြင်းကို လုပ်ဆောင်သောသူဖြစ်သည်၊ ၎င်းကို ရောမတို့လုပ်ခဲ့သည်မှာ အတိအကျဖြစ်သည်။

ယောဟန်က သူမြင်သောအခါ “အလွန်အံ့ဩမိန်းမောခြင်းရှိလျက်ရှိ၏” ဟု ဆိုခဲ့သည်ကို သတိပြုပါ။ အဘယ်ကြောင့် သူအံ့ဩသင့်သနည်း။ ရောမအင်ပါယာတွင် နှိပ်စက်ညှဥ်းပန်းခြင်းနှင့် အများပြည်သူအား ကွပ်မျက်ခြင်းတို့ကို တွေ့ရလေ့ရှိသည်။ ယောဟန်က ခရစ်ယာန်များသည် သူတို့၏ယုံကြည်ခြင်းအတွက် အသတ်ခံခဲ့ရသည့်အကြောင်းကို အမှန်သိခဲ့ရသည်။ သူ၏အစ်ကိုရင်းဖြစ်သူ ယာကုပ် (James) သည်လည်း မာတုရအသေခံခဲ့ရသည်။

ယောဟန်သည် တကယ့်ဘဝအသက်တာ၌ မြင်တွေ့ခဲ့ရသောအရာနှင့် ရူပါရုံ၌ သူမြင်ခဲ့သောအရာတို့အကြား ခြားနားချက်တစ်ခု ရှိခဲ့သည်။ သူ၏ရူပါရုံတွင် ၎င်းသည် ဘုရားသခင်၏လူများကို ညှဥ်းဆဲနှိပ်စက်သတ်ဖြတ်သောသူမှာ အယူမှားအစိုးရ မဟုတ်ခဲ့ချေ။ ၎င်းသည် အသင်းတော်တစ်ခုသာဖြစ်ပြီး၊ မိမိကိုယ်ကို ခရစ်တော်၏နောက်လိုက်ခြင်းဖြစ်သည်ဟု ကြွေးကြော်ကြသော အသင်းတော်သာ ဖြစ်သည်။ ၎င်းသည် အဘယ်သို့ဖြစ်နိုင်မည်နည်း။

**လက်တွေ့ကျင့်သုံးရန်။** လောကီအစိုးရများနှင့် အသင်းတော် (“ဗာဗုလုန်”) သည် အဘယ်ကြောင့် ပေါင်းစည်းနိုင်ခဲ့သနည်း။ ၎င်းအပြင် သူတို့သည် ဘာကြောင့် ဘုရားသခင်၏စစ်မှန်သောအသင်းတော်ကို မုန်းတီးခဲ့ကြသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၈၊ ၁၉။

## အင်္ဂါနေ့ ၊ ထိုမိန်းမသည် အဘယ်သူနည်း ၃

“သားရဲ” ပေါ်မှာ ထိုင်လျက်ရှိသော “မိန်းမ” သည် အဘယ်သူကို ကိုယ်စားပြုသည်ကို တွေ့ရှိရန် ဗျာဒိတ်ကျမ်း ၁၇ ၏ ပရောဖက်ပြုချက်တွင် ကျွန်ုပ်တို့လေ့လာခဲ့ပြီးသည်။ ယခုလည်း ဆက်လက်လေ့လာဦးမည်ဖြစ်သည်။ အငယ် ၉ နှင့် ၁၈ ၌ သဲလွန်စနှစ်ခု တွေ့ရှိမည်ဖြစ်သည်။

ကောင်းကင်တမန်က ယောဟန်အား မိန်းမသည် “တောင်ခုနှစ်လုံး” ပေါ်ထိုင်ပြီး၊ သူမသည် “လောကီရှင်ဘုရင်များကို အစိုးရသော ထိုမြို့ကြီးဖြစ်သည်” ဟု ပြောဆိုခဲ့သည်။

ဤအငယ်နှစ်ခုကို အတူတကွထားသောအခါတွင်၊ “ကြီးမားသောမြို့” သို့မဟုတ် အသင်းတော် (“မိန်းမ”) နှင့် “တောင်ခုနှစ်လုံး” ပေါ်ထိုင်နေပြီး၊ “လောကီရှင်ဘုရင်တို့ကို အုပ်စိုးသည်” ဟု ကျွန်ုပ်တို့ တွေ့ရှိရသည်။ ဤသဲလွန်စများကြောင့် သံသယဖြစ်စရာ မရှိတော့ချေ။ နှစ်ပေါင်း ၂ ထောင်ကျော်တုန်းက၊ ရောမမြို့ကို “တောင်ကုန်းခုနှစ်လုံးပေါ်တွင် တည်သောမြို့” ဟု သိခဲ့ရသည်။ ထို့အပြင် ရှင်ဘုရင်တို့ကို အဘယ်မြို့က အုပ်စိုးမည်နည်း။ ရှင်ဘုရင်များသည်သာ မြို့များကို အုပ်စိုးရသည်။ သို့သော်လည်း ရှင်ဘုရင်များကို အပြစ်ပေးအရေးယူရန်နှင့် ၎င်းတို့ကို ရာထူးမှဖယ်ရှားရန်အခွင့်အာဏာရှိသည်ဟုပြောဆိုသော ရောမနှင့် သူမ၏ပုပ်ရဟန်းမင်းများမှလွဲ၍ ထိုပတ်ဝန်းကျင်၌ အခြားမြို့မည်သည့်မြို့မှ မဟုတ်ပါ၊ ရှိလည်းမရှိပါ။

ယခုတွင် ပြုပြင်ပြောင်းလဲရေးအချိန်ကာလအတွင်းတွင် ဤပရောဖက်ပြုချက်သည် အဘယ်ကြောင့် အလွန်အရေးကြီးကြောင်းကို သင်တွေ့မြင်နိုင်ပါသည်။ ရောမအသင်းတော်သည် သူတို့၏ထာဝရကံကြမ္မာကို ထိန်းချုပ်သည်ဟု ယုံကြည်ကြီးပြင်းလာသူများအတွက်၊ ဘုန်းတော်ကြီးများနှင့် ပုပ်ရဟန်းမင်းများအစား ဘုရား



သခင်ကို ကိုးစားဖို့ရန် သူတို့ကိုဆွဲဆောင်ဖို့ တော်တော်များများ လိုအပ်လာခဲ့ပါသည်။

ဗျာဒိတ်ကျမ်း ၁၇ ၏ ပြည့်တန်မအကြောင်းနှင့်ပတ်သတ်၍ ဘုရားသခင်သည် အဘယ်မျှအထောက်အထားပေးထားသည်အကြောင်း အချက်များအားလုံးကို တွေ့မြင်ရန် အတူတကွ စာရင်းပြုစုကြစို့။

သူမသည် (၁) တိုင်းနိုင်ငံများစွာတွင် တွေ့ရှိရသော အသင်းတော်ကြီးတစ်ခုဖြစ်သည်။ ၎င်းသည် အစိုးရများအား ၎င်းတို့၏ နိုင်ငံများကို (၂) အမှန်တကယ်ထိခိုက်စေနိုင်သည့်ဥပဒေများကို ပြဌာန်းဖို့ရန် (၃) လွှမ်းမိုးနိုင်သည့်လုံလောက်သော အာဏာအစွမ်းထက်သည်။ (၄) ဤအသင်းတော်သည် အဝတ်နီ၊ အဝတ်မောင်းကို ဝတ်ဆင်ထားပြီး၊ (၅) ဘုရားသခင်၏လူများကို သတ်သည်၊ (၆) ၎င်းသည် “ဗာဗုလုန်” အမည်ရှိသော မြို့မှလာသည်၊ (၇) တောင်ခုနှစ်လုံးပေါ်မှာ ထိုင်သည်၊ (၈) ရှင်ဘုရင်များအပေါ် အုပ်စိုးသည့် အခွင့်အာဏာရှိသည်ဟု ဖော်ပြထားသည်။

ထင်ထင်ရှားရှားနိဂုံးချုပ်ရန်မှာ အလွန်ခဲယဥ်းလှသည် - ဗျာဒိတ်ကျမ်း ၁၇ ၌ပါသော မစင်ကြယ်သောမိန်းမ (မစင်ကြယ်သော အသင်းတော်) သည် ရောမကက်သလစ် ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ထိုသို့ဆိုခြင်းမှာ ကက်သလစ်ဘာသာဝင်များအားလုံးကို “ဆုံးရှုံးသည်” ဟု ဆိုလိုသလား။ ဖြေရန်မှာ ခက်ခဲပါသည်။ ဝစ်ကလိ၊ တိုင်ဒေး၊ ဟတ်စ်၊ လူးသာ၊ ဇွင်းကလိနှင့် နော့စ် တို့အားလုံးသည် ကက်သလစ်ဘုန်းတော်ကြီးများ ဖြစ်ခဲ့ကြသည်။ ထိုအတွက် ဘုရားသခင်သည် သူတို့အား ကောင်းကင်နိုင်ငံတော်မှ ဖယ်ရှားပစ်တော့မည်လား။

ဖယ်ရှားမည်မဟုတ်ပါ၊ မှန်ပါသည် မဖယ်ရှားပါ။ သို့သော် သူတို့သည် ပုပ်ရဟန်းမင်းက သူတို့အား သွန်သင်ပေးသော အမှားများကို မြင်တွေ့ခဲ့ကြသောခါတွင်၊ ပုပ်၏သွန်သင်ချက်အတိုင်းမဟုတ်ဘဲ၊ သခင်ယေရှုနောက်လိုက်ရန် ရွေးချယ်ခဲ့ကြသည်။ အတိတ်၌ သစ္စာရှိသည့် ထောင်ပေါင်းများစွာသော ကက်သလစ်များသည် အနာဂတ်ကို အဘယ်သူမျှမသိသော်ငြားလည်း၊ ထိုနည်းတူရွေးချယ်ခဲ့ကြသောသူများရှိခဲ့သည်။

## ဗုဒ္ဓဟူးနေ့ ၊ ပရောဖက်ပြုချက်များ နောက်ဆုံးအချိန်၌အားလုံးပြည့်စုံခြင်းဝါဒီနှင့် ရှေ့မဆွကပြည့်စုံခြင်းဝါဒီ (Futurism & Preterism) ၄

ဗျာဒိတ်ကျမ်း ၁၇ ၌ရှိသော “ပြည့်တန်ဆာ” ကို ရောမကက်သလစ်အသင်းတော်ဟု ဖော်ညွှန်းသည့် ပရောဖက်ပြုချက်ဆိုင်ရာ အထောက်အထားများအားလုံးသည် လူအများအား ပြုပြင်ပြောင်းလဲရေးတွင် သာ၍သာ၍ ပူးပေါင်းပါဝင်ရန် သွေးဆောင်နေခဲ့သည်။ ဤအရာသည် ကက်သလစ်များအတွက် ကြီးမားသောပြဿနာတစ်ခုဖြစ်ခဲ့သည်။ တစ်စုံတစ်ခု လုပ်ဆောင်ရတော့မည့် အခြေအနေဖြစ်ခဲ့သည်။





တကယ်ပဲ၊ သူတို့သည် “တစ်စုံတရာ” နှစ်ခု လုပ်ခဲ့သည်။ (၁၅၄၅ - ၁၅၆၃) ထရန့်ကောင်စီ အတောအတွင်း၊ အသင်းတော်၏ အပြောင်မြောက်ဆုံးသောစိတ်ကို ဤ “ပြဿနာ” ကို ဖြေရှင်းရန် ဖိတ်ခေါ်ခံခဲ့ရသည်။ ထိုသူတို့က ကွဲပြားခြားနားသော “ဖြေရှင်း ချက်" နှစ်ခုနှင့်အတူ တက်လာခဲ့သည်။

သင်အမှားလုပ်ခဲ့မိသည့်အရာတစ်စုံတစ်ခုကို ဘုရားသခင်က ဖော်ပြပေးသည့်အခါ ပြဿနာကို ဖြေရှင်းရန် မှန်ကန်သော နည်းလမ်းမှာ အဘယ်နည်း။ သုတ္တံကျမ်း ၂၈း၁၃၊ ဆာလံကျမ်း ၃၂း၅။

ကက်သလစ်အသင်းတော်သည် ၎င်းကို မြင်ခဲ့သည်နှင့်အမျှ၊ ထိုပြဿနာသည် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့၏ ပရောဖက်ပြုများက သူတို့ကိုညွှန်ပြပေးသည့်အရာ ဖြစ်ခဲ့သည်။ ထို့ကြောင့် သိသာထင်ရှားသောအဖြေမှာ သူတို့အား တစ်နေရာရာကို ညွှန်ပြဖို့ရန် ဖြစ်လာခဲ့သည်။ သို့သော် ထိုအရာကို သူတို့သည် အဘယ်သို့လုပ်ဆောင်နိုင်မည်နည်း။ ၎င်းသည် ခက်ခဲလှပါသည်။ ကမ္ဘာပေါ်ရှိပညာအရှိဆုံး ကက်သလစ်များသည် သူတို့နှစ်သက်သောအရာနှင့်မပေါ်ပေါက်မီ နှစ်ပေါင်းများစွာကတည်းက ထိုဘာသာရေးကို လုပ်ဆောင်ခဲ့သည်။

ပထမဦးဆုံးအဖြေကို ဂျေစူးပညာရှင်တစ်ဦးဖြစ်သော ဖရန်စီစကို ရီဘာရာ (Francisco Ribera) မှ ထုတ်ဝေခဲ့သည်။ ၁၅၉၀ တွင် သူက "အနာဂတ်ဝါဒ" (Futurism) ဟုခေါ်သည့်သီအိုရီအသစ်ကို ကြေငြာခဲ့သည်။ သူ၏အကြံအစည်သည် အလွန်ရိုးရှင်းပါသည်။ ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းအားလုံး (ထင်ရှားသောခြွင်းချက်အနည်းငယ်မှ လွဲ၍) ၏ ပရောဖက်ပြုချက်များသည် အချိန်ကာလ၏နောက်ဆုံးအချိန်တွင် ပြည့်စုံလိမ့်မည်ဟုဆိုရုံသာဖြစ်သည်။ အကယ်၍ အနာဂတ္တိစကား (ပရောဖက်ပြုချက်) ပြည့်စုံခြင်းမရှိသေးလျှင်၊ ထို့နောက် ၎င်းက ပုပ်ရဟန်းမင်းအကြောင်းပြော၍ မရနိုင် ဖြစ်သွားသည်။

၂၄ နှစ်ကြာသောနောက်၊ အခြားသောဂျေစူးဖြစ်သည့် လူဝစ်ဒီအာကပ်ဆာ (Luis de Alcasar) သည် နောက်ထပ် သီအိုရီအသစ်ကို ကြေငြာခဲ့သည်။ ဤတစ်ခုသည် ၎င်းကို “ရှေးမဆွကပြည့်စုံခြင်းဝါဒီ” အဖြစ်လူသိများပြီး ထိုပရောဖက်ပြုချက်များသည် ယေရုရှလင်မြို့ပျက်စီးခြင်းနှင့် ရောမအင်ပါယာပြိုလဲခြင်းတို့မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပြည့်စုံခဲ့ပြီဟု ဆိုသည်။ ထိုကဲ့သို့ ကောင်းကောင်းလုပ်ဆောင်ခဲ့ကြသည်။ အကယ်၍ ဤအနာဂတ္တိပရောဖက်ပြုချက်စကားများသည် ပြည့်စုံခဲ့ပြီးသားဖြစ်မည်ဆိုလျှင်၊ ၎င်းက ပုပ်ရဟန်းမင်းအကြောင်းပြော၍ မရနိုင် ဖြစ်သွားသည်။

**လက်တွေ့ကျင့်သုံးရန်။** အခြားသူများကို လိမ်ညာခြင်းသည် အမှန်တရားဖြစ်သည်ဟူသောအယူအဆကို လူအများလက်ခံအောင် ဤမျှကြိုးစားလုပ်ဆောင်ခြင်းသည် အံ့ဩစရာမဟုတ်ပေလော။ ဤသီအိုရီနှစ်ခုသည် ရှင်မာကုခရစ်ဝင် ၁၄:၅၆ ရှိ လူများနှင့်မကွာပေ။ သူတို့သည်မမှန်သောသက်သေကို ပြောကြသော်လည်း တစ်ဦးနှင့်တစ်ဦး မတူညီပေ။

## ကြာသပတေးနေ့ ၊ ပရောဖက်ပြုချက်များ နောက်ဆုံးအချိန်၌အားလုံးပြည့်စုံခြင်းဝါဒီကို သွန်သင်ခြင်း ၅

၁၆၀၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် ကက်သလစ်အသင်းတော်မှာ သမ္မာကျမ်းစာပရောဖက်ပြုချက်များကို သူတို့ကိုယ်တိုင်နှင့် ဝေးကွာသွားစေမည့် နည်းလမ်းနှစ်မျိုး ရှိခဲ့သည်။ မှန်ပါသည်၊ တစ်ခုမှန်သည်၊ နောက်တစ်ခုက မှားသည်ဟု ဆိုကတည်းက၊ ၎င်း အသစ်သောသီအိုရီနှစ်ခုစလုံးကို ယုံကြည်လက်ခံဖို့ရန် ဘယ်နည်းလမ်းနဲ့မျှ မဖြစ်နိုင်ခဲ့ချေ။ သို့သော် ၎င်းသည် အသင်းတော်တွင် မည်သူ့ကိုမှ အနှောင့်အယှက်ပေးမည့်ပုံ မပေါ်ခဲ့ပါ။ ယနေ့ထိတိုင်၊ အချို့ ကက်သလစ်များသည် ပထမဝါဒီကို သင်ကြားကြပြီး၊ အခြားသူတို့သည် ဒုတိယဝါဒီကို သွန်သင်နေကြသည်။

ဟုတ်ပါသည်၊ နှစ်ပေါင်းများစွာတစ်လျှောက်



လုံး ဤအတွေးအခေါ်အယူအဆများသည် ပြောင်းလဲလာခဲ့ပြီး အတော်အတန် များပြားတိုးတက်လာခဲ့သည်။

အစပိုင်းတွင် ရှေ့မဆွကပြည့်စုံခြင်းဝါဒသည် ထိုအခြားပထမတစ်ခုထက်ပို၍ ထင်ရှားပြီး လူကြိုက်များလိမ့်မည်ဟု ထင်ရသည်။ သို့သော် တစ်စုံတရာသည် ဖြစ်ပျက်ခဲ့ပြီး၊ ၎င်းကြောင့် အနာဂတ်နောက်ဆုံးအချိန်၌ ပြည့်စုံခြင်းဝါဒသည် ပို၍ ကျော်ကြားထင်ရှားသော ယုံကြည်ချက်ဖြစ်လာခဲ့သည်။